# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ငွေတိုက်ဦးစီးဌာန

လျှောက်လွှာခေါ်ယူခြင်း

၁။ ငွေတိုက်ဦးစီးဌာနတွင် စိစစ်ရေးမှူး (၂) (လစာနှုန်းကျပ်၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) ရာထူး (၂၅)နေရာ လစ်လပ်လျက်ရှိပါသည်။ လစ်လပ်ရာထူး (၂၅)နေရာတွင် စီးပွားရေးတက္ကသိုလ်များမှ ဘွဲ့ရများနှင့် တက္ကသိုလ်များမှ ကွန်ပျူတာသိပ္ပံဘွဲ့ရသူများ၊ ဥပဒေဘွဲ့ရသူများကို ရွေးချယ်ခန့်ထားမည် ဖြစ်ပါသည်။

၂။ ရွေးချယ်ခြင်းခံထားရသူများအား (လစာနှုန်းကျပ် ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀)တွင် ကနဦး လစာကျပ်၂၁၆၀၀၀/–ဖြင့်စတင်ခန့်ထားပါမည်။ ရွေးချယ်ခြင်းခံရသူများသည် ငွေတိုက်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ်အခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနည်းဆုံးပညာအရည်အချင်းမှာ အောက်ဖော်ပြပါဘွဲ့တစ်ခုခု ရရှိသူများ ဖြစ်ရပါမည်–

- (၁) ဝါဏိဇ္ဇဘွဲ့ (B.Com)
- (၂) စာရင်းကိုင်ပညာဘွဲ့ (B.Act)
- (၃) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A)
- (၄) စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) B.Econ (Economics)
- (၅) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့ (B.P.A)
- (၆) ဖွံ့ဖြိုးရေးပညာဘွဲ့ (B.Dev.S)
- (၇) စီးပွားရေးပညာဘွဲ့ (စာရင်းအင်း) B.Econ (Statistics)
- (၈) ကွန်ပျူတာသိပ္ပံဘွဲ့(B.C.S.C)
- (၉) ဥပဒေပညာဘွဲ့(L.L.B)

(ဂ) **၃၀-၁၁-၂၀၁၈**ရက်နေ့တွင်အသက် (၂၅)နှစ်ထက်မကျော်စေရ။

(ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အထက်ပါစီးပွားရေးဘွဲ့များအပြင် B.A (Eco) ဘွဲ့ရရှိပြီး **(၃၀-၁၁-၂၀၁၈)**ရက်နေ့တွင်အသက် (၃၀)နှစ်မကျော်လွန်သူများလျှောက်ထားနိုင်ပါသည်။

(င) ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၄။ လျှောက်ထားသည့် စာရွက်စာတမ်းများကို စိစစ်ပြီးပါက သတ်မှတ်ချက်နှင့် ကိုက်ညီသူများသာ ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများသည် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းအား ထပ်မံဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအစီအစဉ်ကို သတင်းစာများတွင် ထပ်မံကြော်ငြာပါမည်။

၅။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/- ပေးသွင်းရမည် ဖြစ်ပါသည်။ နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် စာမေးပွဲဝင်ကြေး ပေးသွင်းသူများသည် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် ၊ **MD-012683** သို့ ငွေစာရင်းခေါင်းစဉ် ၂၄ ။ ဘဏ္ဍာရေး ၊ ၇။ ငွေတိုက်ဦးစီးဌာန ၊"၁။ ပစ္စည်းများရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ၁၂။ ဆောင်ရွက်ပေးမှုအတွက် ရငွေများ"ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး၊ စာရင်းအမှတ်အောက်ရှိ ကွက်လပ်တွင် "ငွေတိုက်ဦးစီးဌာန၊ စိစစ်ရေးမှူး-၂ ရာထူးအတွက် စာမေးပွဲဝင်ကြေးပေးသွင်းခြင်း"ဟု ဖော်ပြ၍ ပေးသွင်းရမည် ဖြစ်ပါသည်။ နယ်မှပေးသွင်းသူများသည် fax ငွေလွှဲဖြင့် ပေးပို့နိုင်သည်။

၆။ လျှောက်လွှာတွင် -

(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်

(ခ) မွေးသက္ကရာဇ် (အသက်)

(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်

(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်နှင့် လိပ်စာ

(စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန

(ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရက်စွဲ

(ဇ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းအမှတ်

(ဈ) အမြဲတမ်းလိပ်စာအပြည့်အစုံ

၇။ လျှောက်လွှာနှင့်အတူ -

(က) ဝင်ကြေးပေးသွင်းချလန်မူရင်း

(ခ) ဘွဲ့လက်မှတ်မိတ္တူ

(ဂ) ရရှိသည့်ဘွဲ့၏ အမှတ်စာရင်းမိတ္တူ

(ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူ/ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ

(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ (နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်)

(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိနှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲ တပ်ဖွဲ့တို့မှ ၁-၁၁-၂၀၁၈ရက်နေ့ နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တ ထောက်ခံချက်မူရင်း

(ဆ) (၁" x ၁.၅") ရောင်စုံဓါတ်ပုံ (၂)ပုံ (ကျောဖက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ် အမှတ်ရေးရန်)

၈။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံများအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ် (၃၄)၊ နေပြည်တော်တွင် ထုတ်ယူနိုင်ပြီး ဤဝန်ကြီးဌာန၏ Website www.mopf.gov.mm တွင် download ရယူ၍ လျှောက်ထားနိုင်သည်။

၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သူများ လျှောက်လွှာတင်သွင်းရာတွင် "ညွှန်ကြားရေးမှူးချုပ်၊ ငွေတိုက်ဦးစီးဌာန၊ရုံးအမှတ် (၃၄)၊နေပြည်တော်"သို့ လိပ်စာတပ်ပြီး လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်ပြုလုပ်၍သော်လည်းကောင်း၊ ငွေတိုက်ဦးစီးဌာနသို့ ၃၀-၁၂-၂၀၁၈ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်။

၁၀။ နိုင်ငံ့ဝန်ထမ်းများသည် မိမိဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိသည့်လျှောက်လွှာကို ဤဦးစီးဌာနသို့ ၁၄-၁-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ပါရန်နှင့် လျှောက်လွှာမိတ္တူတစောင်ကို ၃၀-၁၂-၂၀၁၈ ရက်နေ့ နောက်ဆုံထား၍ ဤဦးစီးဌာနသို့ ကြိုတင်ပေးပို့ရန်ဖြစ်ပါသည်။

၁၁။ အသက်ကန့်သတ်ချက်ကျော်လွန်သူများနှင့် လျှောက်လွှာပိတ်ရက်ထက်နောက်ကျမှ ငွေသွင်းသူများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ငွေတိုက်ဦးစီးဌာန၊ စီမံရေးရာဌာနစု ဖုန်းအမှတ် ၀၆၇-၄၁၀၁၀၆၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။